**ဗိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇူလိုင်လ ၂၀၁၅

“စိတ်ပျက်အားငယ်ခြင်းမရှိကြနှင့်၊ ငါသည်ကမ္ဘာလောကကို အောင်မြင်တော်မူပြီ”(ယောဟန်၁၆း၃၃)

မိမိအားသတ်မည့်သူများလက်သို့ အပ်နှံခြင်းမခံရမီ တစ်ရက်အလို နောက်ဆုံးညစာစားပွဲ၌ သခင်ယေရှုသည် တပည့်တော်ကြီးများအား အဆိုပါနှုတ်တော်ထွက်စကားကိုမိန့်တော်မူလျက် သူ၏ခွဲခွာနှုတ်ဆက်စကားကိုအဆုံးသတ်ခဲ့သည်။ အရင်းနှီးဆုံးသူတို့အစုအကြားစကားပြောဆိုခဲ့ကြသည်။ ထိုစကားဝိုင်းတွင် သခင်ယေရှုက အဖခမည်းတော်နှင့်သူ့အကြားရင်းနှီးဆက်ဆံမှုနှင့် အဖခမည်းတော်က သူ့အားပေးအပ်ထားသည့်တာဝန်စသော အမှန်တရားလျှို့ဝှက်ချက်တို့ကို ဖော်ပြခဲ့သည်။

သခင်ယေရှုသည် ဤလောကကမ္ဘာမှစွန့်ခွာလျက် အဖခမည်းတော်ထံပြန်တော်မမူမီတွင် တပည့်တော်ကြီးများမှာ ဤလောကတွင်ကျန်ရစ်ပြီး ကိုယ်တော်ရှင်၏လုပ်ငန်းဆောင်တာကို ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်သည်။ သူတို့သည်လည်း ကိုယ်တော်ရှင်နည်းတူ မုန်းတီးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ အသတ်ပင်ခံရခြင်း(ယောဟန် ၁၅း၁၈၊ ၂၀၊ ၁၆း၂ တွင်ရှု) တို့ကိုခံကြရမည်ဖြစ်သည်။ ကိုယ်တော်ရှင်ပြုခဲ့သည့်အတိုင်း သူတို့အဖို့ခက်ခဲသောတာဝန် ဖြစ်ပေလိမ့်မည်။ သခင်ယေရှုသည် သူ၏မိတ်ဆွေများရင်ဆိုင်ကြုံတွေ့ရမည့် ထိုခက်ခဲမှုများနှင့် စုံစမ်းခြင်းများကို ကောင်းစွာသိထားပြီးဖြစ်သည်။ ကိုယ်တော်ရှင်က “ဤလောကတွင် ဆင်းရဲဒုက္ခနှင့်တွေ့ကြုံကြရလိမ့်မည်”ဟု မိန့်တော်မူ၏(ယောဟန် ၁၆း၃၃)။

သခင်ယေရှုက နောက်ဆုံးညစာစားပွဲ၌ သူ့အနားတွင် ဝိုင်းရံလျက်ရှိသော တပည့်တော်ကြီးများအား ပြောနေခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့အပါအဝင် ခေတ်အဆက်ဆက် ကိုယ်တော်ရှင်နောက်သို့လိုက်လျှောက်ကြမည့် မျိုးဆက်သစ်တပည့်တော်များအားလုံးအတွက်ပါ စဉ်းစားပေးနေပါသည်။

တကယ်မှန်ပါသည်။ ကျွန်ုပ်တို့လိုက်လျှောက်ရာ လမ်းခရီးတစ်လျှောက်လုံးတွင် ဝမ်းမြောက်စရာများပြန့်နှံ့သည့်တိုင် ဒုက္ခဆင်းရဲခြင်းများက လျော့မသွားပါ။ အနာဂတ်၊ အလုပ်အကိုင်မရေရာမှု၊ လုံခြုံမှု၊ ဆင်းရဲနွမ်းပါးခြင်းနှင့်ဖျားနာခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် စစ်ဘေးစစ်ဒဏ်များခံစားရခြင်း၊ အိမ်တွင်းနှင့်နိုင်ငံများအတွင်း အကြမ်းဖက်မှု စသည်တို့ကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထို့အပြင် ခရစ်ယာန်တစ်ဦးအနေဖြင့် သမ္မာကျမ်းစာကို နေ့စဉ်လိုက်နာဖို့ပင် ရုန်းကန်ရခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆန့်ကျင်သော

လူမှုအသိုင်းအဝိုင်းအတွင်းမှ အရေးပါမှုခံစားချက်၊ လှောင်ပြောင်သရော်ခံရခြင်း၊ အထင်သေးခံရခြင်းနှင့် တစ်ခါတစ်ရံ အသင်းတော်ကိုနားမလည်သူများသို့မဟုတ် ဆန့်ကျင်သူများ၏ တိုက်ခိုက်ဖိနှိပ်မှုများကိုပင် ခံရသည့် ဖိနှိပ်ခံရမှုများလည်းရှိသည်။

သူတို့သည် နှိပ်စက်ညှင်းပန်းခြင်းခံရမည်ကိုသခင်ယေဇူးသိပါသည်။

## "စိတ်ပျက်အားငယ်ခြင်းမရှိကြနှင့်၊ ငါသည်ကမ္ဘာလောကကို အောင်မြင်တော်မူပြီ"

ဤထုတ်ပြန်ချက်သည် တိကျပြတ်သားပြီး ယုံကြည်မှုရှိသည်။ သို့သော် ဆန့်ကျင်ဘက်ဖြစ်နေသရောင်ရှိသည်။ မျိုးမကြာမီတွင် အကျဉ်းကျခံ၊ ရိုက်နှက်ခြင်းခံ၊ တရားစွဲခံ၊ အရက်စက်ဆုံးနှင့် ရှက်ဖွယ်အတိပုံစံဖြင့် အသတ်ခံရတော့မည့် သခင်ယေဇူးက "ငါသည်ကမ္ဘာလောကကို အောင်မြင်တော်မူပြီ" ဟု မည်သို့ဆိုနိုင်သနည်း။ အောက်မြင်မှုရခြင်းထက် သူသည် သစ္စာဖေါက်ခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ လုံးဝဥဿုံ ဖယ်ချွတ်ခံရခြင်း နှင့် လုံးလုံးလျားလျားရှုံးနိမ့်ခြင်းတို့ကို ပို၍အသွင်ဆောင်ပါသည်။

သူ၏အောင်မြင်ခြင်းသဘောသဘာဝကားအဘယ်နည်း။ ယင်းကားရှင်ပြန်ထမြောက်ခြင်း၌ အသေအချာဖြစ်လာပါသည်။ သေခြင်းတရားက သူ့အားမထိန်းချုပ်နိုင်ပါ။ သူ၏အောင်မြင်ခြင်းသည် တန်ခိုးအလွန်ကြီးမားသည်ဖြစ်၍ ကျွန်ုပ်တို့အားလည်း မျှဝေပေးပါသည်။ သူသည် ကျွန်ုပ်တို့အတွင်းဝယ်တည်ရှိခြင်းဖြင့် ကျွန်ုပ်တို့အား သူနှင့်အတူ အပြည့်အဝအသက်ရှင်ရန်၊ ဖန်ဆင်းခြင်းအသစ်ကိုခံရရန် ပြုတော်မူပါသည်။

ထို့မတိုင်မီကပင် ကိုယ်တော်ရှင်၏အောင်မြင်ခြင်းသည် ကျွန်ုပ်တို့အတွက် မိမိအသက်ကိုပင်ပေးဆက်နေသော သူ၏ကြီးမြတ်လှသည့်ချစ်ခြင်းမေတ္တာပြမှုပင်ဖြစ်သည်။ ကိုယ်တော်ရှင်သည် ဆုံးရှုံးခြင်းမှ အပြည့်အဝအောင်မြင်ခဲ့ပါသည်။ သေခြင်းတရား၏မည်သည့်ထောင့်နေရာတွင်မဆို ထိုးဖေါက်ဝင်ရောက်လျက် ကျွန်ုပ်တို့အား ဖိနှိပ်မှုမျိုးစုံမှလွတ်မြောက်စေပါသည်။ ထို့နောက် ကျွန်ုပ်တို့အတွင်းရှိ မကောင်းမှုဟူသမျှ၊ ကျွန်ုပ်တို့၏မှောင်မိုက်ခြင်းနှင့် နာကျင်မှုများအားလုံးတို့အား ကိုယ်တော်ရှင်နှင့်လည်းကောင်း၊ ဘုရားသခင်၊ ချစ်ခြင်းမေတ္တာနှင့်အတူ စုံလင်ခြင်းအဖြစ်သို့ ပြောင်းလဲစေပါသည်။

ရှင်ပေါလူးသည် သခင်ယေဇူး၏အောင်မြင်ခြင်းအကြောင်းကို တွေးမိတိုင်း ဝမ်းမြောက်ခြင်းရှိပုံရသည်။ သခင်ယေဇူးနှင့်သာဆိုလျှင် အဆုံးစွန် သေခြင်းနှင့်ရင်ဆိုင်ရသည့်တိုင် သူသည်အောင်မြင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်ရှင်နှင့်အတူ၊ ကိုယ်တော်ရှင်၌ မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်ကြောင်း၊ အမှန်က ကျွန်ုပ်တို့သည် အောင်နိုင်သူထက်ပင် ပိုသည့်အတွက် ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာတော်ကိုကျေးဇူးတင်ရမည်ဖြစ်ကြောင်းဖြင့် အခိုင်အမာဆိုခဲ့သည်။ မည်သည့်အရာမျှ ငါတို့အား ကိုယ်တော်၏မေတ္တာတော်မှ မကွဲကွာစေနိုင်၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အုပ်စိုးသူဖြစ်စေ၊ ပစ္စုပ္ပန်ကာလဖြစ်စေ၊ အနာဂတ်ကာလဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ ကောင်းကင်အထက်မှဖြစ်စေ၊ မြေကြီးအောက်မှဖြစ်စေ၊ ဖန်ဆင်းထားသောအရာတို့၌ မည်သည့်အရာပင်ဖြစ်စေ၊ ငါတို့အရှင် ယေဇူးခရစ်တော်

၌ ဘုရားသခင်၏မေတ္တာတော်မှ ငါတို့ကိုမကွဲကွာစေနိုင် ဟု ငါမြဲမြံစွာခံယူသောကြောင့်တည်း။"(ရောမ၈း၃၈–၃၉၊ ၁ ကော်ရိန်၁၅း၅၇တွင်ရှု)

သခင်ယေရှုးကိုယ်တော်တိုင် ကျွန်ုပ်တို့အားဖိတ်ခေါ်ထားသည်ဖြစ်၍ ဘာကိုမျှ မကြောက်တော့ပါ။

**"စိတ်ပျက်အားငယ်ခြင်းမရှိကြနှင့်၊ ငါသည်ကမ္ဘာလောကကို အောင်မြင်တော်မူပြီ"**

အထက်ပါသခင်ယေရှုး၏နှုတ်တော်ထွက်စကားအား ဤတစ်လလုံးထောက်ရှုဆင်ခြင်ကြခြင်းဖြင့် ကျွန်ုပ်တို့သည် ယုံကြည်မှုနှင့် မျှော်လင့်ခြင်းတို့ ခံစားရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏အခြေအနေများသည် မည်မျှပင်ကြမ်းတမ်းခက်ထန်ပါစေ သခင်ယေရှုးက ထိုအရာများအား ကိုယ်တိုင်ခံယူခဲ့ပြီး ကျော်လွှားပြခဲ့ပြီးဖြစ်ကြောင်း အခိုင်အမာသက်သေရှိပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်ရှင်၏အတွင်းခွန်အားမျိုးမရှိသည့်တိုင်အောင် ကိုယ်တော်ရှင်ကိုပိုင်ဆိုင်ထားပြီး သူကိုယ်တိုင်က ကျွန်ုပ်တို့အတွင်းဝယ်ကိန်းဝပ်လျက် ရုန်းကန်လှုပ်ရှားပေးလိမ့်မည်။ အခက်အခဲများ စုံစမ်းနှောင့်ယှက်ခြင်းများ သို့မဟုတ် အပြစ်သွေးဆောင်မှုများကြောင့် ကျွန်ုပ်တို့လဲကျသောအခါ ကိုယ်တော်ရှင်အား "ကိုယ်တော်ရှင်သည် အမှန်တကယ် ကမ္ဘာလောကကို အောင်မြင်တော်မူခဲ့လျှင် ယခုကျွန်ုပ်ရင်ဆိုင်ကျော်ဖြတ်ရမည့် ဒုက္ခဆင်းရဲခြင်းကိုလည်းသိပါလိမ့်မည်။ ကျွန်ုပ်အတွက်၊ ကျွန်ုပ်၏မိသားစုအတွက်၊ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဘက်များအတွက် ဤဖြစ်ပျက်နေသောအရာသည် မဖြစ်နိုင်သောအဟန့်အတားကဲ့သို့ ဖြစ်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရင်ဆိုင်ကျော်လွှားဖို့မဖြစ်နိုင်ဟု ခံစားမိပါသည်။ သို့သော် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့နှင့်အတူရှိခြင်းဖြင့် ရင်ဆိုင်ဖို့ရန် ခွန်အားသတ္တိကိုရှာဖွေတွေ့ရှိမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် အောင်မြင်သူများထက်ပင်ပိုသောအဖြစ်သို့ရောက်ရှိပါလိမ့်မည်"ဟုပြောနိုင်ပါသည်။

ယင်းကားအရာရာသည် အလွယ်တကူနှင့် ပြေလည်သွားသည့်အလား ခရစ်ယာန်အသက်တာ၏အောင်ပွဲခံမှု ရှုထောင့်အမြင်ရှိခြင်းအကြောင်းသာမဟုတ်။ သခင်ယေရှုးသည် ဒုက္ခဝေဒနာ၊ မတရားမှု၊ စွန့်ပစ်ခံရခြင်းနှင့် သေခြင်းတို့ကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပြီးနောက် အတိအကျအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည်လည်း သခင်ယေရှုးနှင့် ဓမ္မအာဇာနည်များကဲ့သို့ပင် မကောင်းမှုကို အပြည့်အဝအောင်မြင်သွားသည်ကိုမမြင်တွေ့ရမီ ကောင်းကင်နိုင်ငံတော်၏တုန့်ပြန်မှုအား စောင့်ကြည့်ရမည်ဖြစ်သည်။ မကြာခဏဆိုသလို ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်အကြောင်းပြောရမည်ကို အခက်အခဲများကို ရဲတင်းစွာမရင်ဆိုင်ရဲ လောက်အောင်ဆေးမိထားသလိုကြောက်ကြသည်၊ နာကျင်မှုသက်သာအောင်အောင် ထုံဆေးပေးသလို၊ မတရားမှုကိုရင်ဆိုင်တိုက်ပွဲမဝင်လို၍ အကြောင်းပြချက်ပေးပြီးရှောင်တတ်ကြသည်။ ကောင်းကင်နိုင်ငံတော်အား မျှော်လင့်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းကိုယုံကြည်ခြင်းသည် အမှန်အားဖြင့် ပြဿနာရပ်တိုင်းကို မျှတစွာ ရင်ဆိုင်နိုင်ရန်နှင့် စုံစမ်းခြင်းခံရသူများကိုအားပေးနိုင်ရန်လည်းကောင်း၊ ယေရှုး၏နောက်ဆုံးအမှာစကားဖြစ်သည့် ချစ်ခြင်းမေတ္တာသည် မုန်းတီးခြင်းကိုအောင်နိုင်ကြောင်းနှင့် သေခြင်းတရားကိုအောင်မြင်၍ အသက်ရှင်သောအသက်တာကို ယုံကြည်ခြင်းရန်လည်းကောင်း အစွမ်းထက်သောတွန်းအားတခုဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်ရေးကိုယ်တာနှင့် ပတ်ဝန်းကျင်ရှိလူများ၏အခက်အခဲ၊ ကြားရသမျှ ကမ္ဘာ့အခြားဒေသများမှလူတို့၏အကြောင်း စသည့် မည်သည့်အခက်အခဲများကြုံတွေ့လာရသော် သခင်ယေရှု၌ယုံကြည်ခြင်းကိုပြန်လည်ဆန်းသစ်ကြပါစို့။ ကိုယ်တော်သည် ဤကမ္ဘာလောကကို အောင်မြင် သောသူ၊ သူ၏အောင်နိုင်ခြင်းကို ကျွန်ုပ်တို့အားမျှဝေပေးသူ၊ ကောင်းကင်နိုင်ငံတော်တံခါးကိုဖွင့်လျက် ကျွန်ုပ်တို့အတွက် အခန်းများကို ပြင်ဆင်ပေးသောသူ၊ ကျွန်ုပ်တို့အတွင်း၊ ကျွန်ုပ်တို့၏အလယ်တွင် တည်ရှိတော်မူပါသည်။ ဤသို့အားဖြင့် စုံစမ်းခြင်းမှန်သမျှကိုရင်ဆိုင်ရန် ခွန်အားသတ္တိကို ရှာဖွေတွေ့ရှိနိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့အားခွန်အားကိုပေးသော သခင့်အားဖြင့် အရာရာကို အောင်မြင်ကျော်လွှားနိုင်ပါလိမ့်မည်။

*Fabio Ciardi*